ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## မီးတောက်နေတဲ့ ပင်လယ်



**အချစ်**

လုံးချင်းဝတ္ထုသစ်

စာရေးသူ၏(၇၅)အုပ်မြောက်

ချစ်စွာသော စာဖတ်ပရိတ်သတ်ကြီးရှင့်

စာဖတ်ပရိသတ်ကြီး၏ အားပေးချီးမြှောက်မှုကြောင့် မဝံ့မရဲလှမ်းခဲ့ရသော ကျွန်မ၏ ခြေလှမ်းများ ( ၇၅ ) လှမ်းတိတိ ရှိခဲ့ရသည် မှာ ကျွန်မအတွက် အိပ်မက်သဖွယ် အံ့သြစဖွယ်။

အခက်အခဲအမျိုးမျိုးကြားမှ ထွက်ပြူလာခဲ့ရသည့် "ကြယ်စင်မှူးဝေ"ဆိုသည့် ကလောင်ရှင်တစ်ယောက် ယခုထိ တည်တံ့နေရသည် မှာ စာဖတ်ပရိသတ်ကြီး၏ အားပေးချီးမြှောက်မှုကြောင့် ဆိုသည် ... ပြောပြနေစရာပင် မလိုပါချေ။

တစ်စစီ၊ တစ်အုပ်စီ ပြန့်ကျဲနေသည့် ကျွန်မ၏ စာအုပ်များကို နံပါတ်စဉ်ထိုးလိုက်သည့်အခါ ( ၇၅ ) အုပ်တိတိပင် ရှိနေပါပကော။

( ၂၅ )အုပ်မြောက်ဖြစ်သည့် "ဆူးရစ်ပင်လယ် ပန်းပင်လယ်"ကို ထုတ်ခွင့်ရခဲ့ပြီး၊ ( ၅၀)အုပ်မြောက်အဖြစ် လျာထားခဲ့သည့် "စင်ရော်လေးများ ရဲ့ ကောင်းကင်" ကတော့ ရွှေရတုအထူးထုတ်မဖြစ်ခဲ့ဘဲ သာမန်စာအုပ်တစ်အုပ်အဖြစ်သာ ထွက်ရှိခဲ့ရပါသည် ။

ယခု ( ၇၅ )အုပ်မြောက်အဖြစ် "မီးတောက်နေတဲ့ ပင်လယ်" ကို စာဖတ်ပရိသတ်ကြီးအတွက် ကျွန်မ တတ်စွမ်းနိုင်သမျှ တင်ဆက်ခွင့်ရသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်လို့ မဆုံးပါ။

နောက်... ဆက်လက်၍ ကျွန်မ စွမ်းနိုင်သမျှ စာဖတ် ပရိသတ်ကြီးအတွက် စာပေများ ရေးသားတင်ဆက်သွားပါမည်ဟူ၍ ကတိပြုရင်း လေးစားစွာ ဂါရဝပြုအပ်ပါသည် ရှင့်။

**ချစ်စွာသော စာဖတ်ပရိသတ်ကြီး**

**ကိုယ်စိတ်နှဖြာ ကျန်းမာချမ်းသာကြပါစေ...**

**အစဉ်အမြဲကိုးစားလျက်...**

**ကြယ်စင်မှူးဝေ**

**၅-၃-၂၀၁၂**

*

မောင်ဟာ ပင်လယ်ပဲ

မီးတောက်နေတဲ့ ပင်လယ်

ကျွန်မက ရေခဲမြစ်တစ်စင်း

သံသရာတစ်ခုလုံး အရည်ပျော် ကျဆုံးခဲ့...

စပယ်ဖြူတွေလည်း လောင်ကျွမ်း အငွေ့ပြန်သွားခဲ့ပြီ...

## အခန်း ( ၁ )

"အဲဒါ နေရိုင်းပဲ၊ မိုက်တယ်နော်"

တစ်ဖက်စားပွဲမှ ကောင်မလေးနှစ်ယောက်၏ အသံကြောင့် ခင်မိုးစက်တစ်ကိုယ်လုံး တောင့်တင်း အရည်ပျော်သွားမတတ် ခံစားလိုက်ရသည် ။

"နေရိုင်း..."

ဆံနွယ်ရိုင်းများ နှင့် လှပ ကြမ်းရှနေသည့်၊ ဘာတွေနှင့် ဝင်းပနေမှန်းမသိသည့်ကောင်လေးသို့ သူမ ခိုးငေးကြည့်မိသည် ။

ကျွတ်!... အဖြစ်ဆိုးလိုက်တာ။

ဟသ်ာတဘူတာရှေ့က စားသောက်ဆိုင်ထဲမှာ သူမကလည်း နေရိုင်းနှင့်ကျောခိုင်းပုံစံဖြစ်မတတ် နေရာယူခဲ့မိထားသည် ။

အိုလေ... ဘာဖြစ်လဲ၊ ဒီစားပွဲမှာ ငါတစ်ယောက်တည်းပဲဟာ၊ နေရာ

ရွှေ့ထိုင်လိုက်ရင်ရော...

သို့သော် မိန်းကလေးသိက္ခာကျလှပါသည် ။ ထုံးတမ်း အစဉ်အလာတွေမှ ချိုးဖောက်ရာ ရောက်ပါလိမ့်မည်။

တစ်ယောက်တည်းထိုင်ရင်း အငွေ့ပြန်မတတ် ခေါင်းခဲနေသည့် ခင်မိုးစက်မှာ တစ်ဖက်စားပွဲမှ ကောင်မလေးနှစ်ယောက်၏ စကားသံများကိုလည်း နားစွင့်ထားရလေသည် ။

“သူက ရန်ကုန်ကမဟုတ်လား၊ တို့ ဟသ်ာတကို ဘာလာလုပ်တာလဲဟ။ လာပြီးပွေတာလား၊ ရုပ်ကတော့ မိုက်တယ်နော်။ ဆံနွယ်လေးတွေဖြာနေတာကိုက ကဗျာပဲ။ သူ့ကဗျာတွေထက်တောင် မိုက်သေးတယ်”

“မိန်းမနော်၊ ရှင်က ဘာစာတွေပေတွေများ စိတ်ဝင်စားလို့ လဲ။ တစ်နေ့တစ်နေ့ ထွက်သမျှအခွေတွေပဲ စိတ်ဝင်စားနေတဲ့ သူကများ ”

“ဒါကတော့ လုပ်ငန်းသဘောအရပါဟာ။ ငါက အခွေဆိုင်ဖွင့်ထားတဲ့ သူဆိုတော့ ကောင်းမကောင်းလေ့လာရင်းနဲ့ ကြည့်နေရရှာတာပါ”

“ဩော်, တော်တော်မှ သနားစရာကောင်းလိုက်တာ။ ဒါနဲ့ ပဲ မျက်မှန်ပါဝါတွေ ထူထူ လာပြီး ဘယ်ကောင်လေးမှ မကြိုက်ဘဲ ဖြစ်နေဦးမယ်”

“ရတယ်၊ မျက်ကပ်မှန် ဝယ်တပ်မယ်။ ဒါထက် နေရိုင်းကို တို့ သွားလုံးရရင် ကောင်းမလားဟင်”

“ထားလိုက်စမ်းပါဟာ၊ ကဗျာဆရာဆိုတာ ရုပ်ရှင်မင်းသား။ ဗီဒီယိုမင်းသားတွေလောက်လည်း ခေတ်မရှိပါဘူး။ ပြီးတော့ သူ့ပုံကြည့်ရတာ မထောပါဘူး။ တော်ကြာမှ ဇာတ်လမ်းတွေဖြစ်ကုန်လို့ ကိုယ် ရှာကျွေးနေရဦးမယ် သိလား။ ငါဖတ်ဖူးသမျှတော့ ကဗျာဆရာကတော်ဖြစ်ရတာ မနိပ်ပါဘူး၊ ခေတ်မစားဘူး၊ ဒုက္ခနဲ့ ရင်းရတာချည်းပဲ။ ကဲ... သွားစို့”

လှတပတ ကိုယ်လုံးပေါ်စကတ်တွေနှင့် မော်ဒယ်ဂဲလ် ပုံစံကောင်မလေးနှစ်ယောက် ကျောပိုးအိတ်ကလေးတွေ ကိုယ်စီလွယ်လျက် ဆိုင်ထဲမှ တွတ်ထိုးပြီး ထွက်ခွာသွားသည် အထိ ခင်မိုးစက် ငေါင်နေမိသည် ။

"ဟော!"

ပုသိမ်ဘက်မှ ရထားဝင်လာပေပြီ။ သူမ ပြန်ရတော့မည်။ သူမ သတ္တိမရှိပါ။ ယောကျ်ားတစ်ယောက်ကို၊ ကဗျာဆရာ တစ်ယောက်ကို သွားပြီးမိတ်ဆက်ရလောက်အောင်အထိ သူမ မေမေက ခွန်အားတွေ ထည့်ပေးမထားခဲ့။

မြန်မာမိန်းကလေးဟူသည့် စံဝင်မိန်းကလေး၊ တော်ဝင် မိန်းကလေးတစ်ယောက်အဖြစ်သာ သူမမေမေက ပုံသွင်းပေးခဲ့ပါသည် ။

ပိုက်ဆံကုန်သက်သာအောင် ထမင်းကြော်လေးတစ်ပွဲ ဝယ်စားနေသည့် ခင်မိုးစက်၊ ယခုကျ ထမင်းမကုန်နိုင်တော့။

ဘာဖြစ်သွားတာတဲ့ လဲ။ မဟုတ်သေးပါဘူး...

ယောကျ်ားတစ်ယောက်ကို မြင်ရရုံနဲ့ ရင်ပြည့်သွားသတဲ့ လား...

မေမေရေ... ဒါ ဆိုရင်တော့ ဒုက္ခပါပဲ။ တစ်သက်လုံး ထိန်းသိမ်းလာခဲ့တဲ့ အပျိုစင်သိက္ခာတွေ သူနဲ့ စတင်တွေ့တဲ့ အခိုက်မှာ ပဲ အငွေ့ပြန်ထွက်သွားခဲ့ပြီ၊ ပျော်ဝင်သွားခဲ့ပြီ ထင်ပါသည် ။

ရထားကလည်း ဝင်လာခဲ့ပြီ။ သူမ ထမင်းကြော် လုံးဝစားလို့ မရတော့။ အလဟဿကြီး ပိုက်ဆံရှင်းခဲ့ရမှာ လည်း ခင်မိုးစက်၏ ဘဝက ငွေတစ်ကျပ်၊ နှစ်ကျပ်၊ တစ်ဆယ်၊ နှစ်ဆယ် လေးတောင် စစ်စီချင့်ချိန်သုံးစွဲနေခဲ့ရသည် မို့...

"ရှုတ်!...ဒီမှာ "

သူမ၊ စားပွဲထိုးကောင်လေးကို အသံပြုလိုက်ပါသည် ။ ကောင်လေး ရောက်လာတော့ ခပ်တည်တည်ပဲ ပြောရသည် ။

"ရထားဝင် လာပြီ၊ တို့ အချိန်မရတော့လို့ ဒီထမင်းကြော်ကို ပါဆယ် လုပ်ပေးပါလား"

"အာ... ရတယ် ရတယ် အစ်မ... ခဏ"

ကောင်လေးက သဘောကောင်းစွာပြောပြီး သူမ၏ ထမင်းကြော်များကို ကြွပ်ကြွပ်အိတ်နှင့် ထုပ်ပေးရှာသည် ။ ခင်မိုးစက် ငွေရှင်းပေးလိုက်ပါ၏။

ပြီးနောက် သူမဝယ်ထားသည့်စာအုပ်ခြင်းကို ဆွဲ၊ ကျောပိုးအိတ်က လေးကိုလွယ်ပြီး ခင်မိုးစက် သူ့နံဘေးမှ ဖြတ်ထွက်ခေါင်းငုံ့လျှောက်ခဲ့သ ည် ။ ကျောပြည့်နေသည့်ဆံပင်များ ကာကွယ်ထားတာတောင်မှ သူမ ကျောမလုံသလို ခံစားနေရသည် ။

သူကတော့ စားသောက်ဆိုင်ထဲမှာ ငုံးတစ်ကောင်လို ငေးတုန်း၊ ငေါ င်တုန်း။ လောကကြီးကိုများ မေ့နေလေသလား။

ကဗျာဆရာဆိုတာ ဒီလိုပဲလားကွယ်...

သိပ်ပြီး ကြောင်တောင်တောင်မလုပ်နဲ့ နော်...

ရှင် ရူးသွားလိမ့်မယ်။

ခင်မိုးစက်က ရထားစီးနေကျမို့ သူများ တွေလို ကမူးရှူးထိုး နေရာ ဦးစရာမလို။ ဘူတာထဲမှာ နေရာဦးပြီး မုန့်ဖိုးတောင်းတတ်သည့်ကလေး များ နှင့်လည်း သူမ မျက်မှန်းတန်းမိထားသည် မဟုတ်ပါလား။

စတစ်ကာအနက်ပေါ်မှာ အဖြူလုံးလေးတွေပါသည့် ဝမ်းဆက်လေး

နှင့်ပင် ဝင်းပနေသည့်ခင်မိုးစက်အား နေရာဦးသည့် ကလေးများက လှမ်း၍ ခေါ်ကြသည် ။

"အစ်မရေ, လာဖို့။ မော်ဒယ်ဂဲလ် လုပ်လျှောက်မနေနဲ့ ။ မြန်မြန်လာ ... ဒီနေ့ လူကျပ်တယ်"

ပါးချိုင့်လေးပေါ်အောင် ပြုံးရင်း သူမ အပြေးကလေး သွားရသည် ။

"လာလာ... လယ်နှယောက် လာတာလဲအစ်မ။ ဘယ်နှနေရာလဲ"

သူမ နေရိုင်းကို ဖျတ်ခနဲသတိရသွားတာ ဘာကြောင့်မသိ။ ရင်ဘတ်ထဲကများ စေ့ဆော်လိုက်ရော့သလား။

"အေး... နှစ်နေရာစာ ယူမယ်"

"နှစ်နေရာပေး၊ ဒါတောင် အစ်မမို့ လျှော့ပေးတာ"

"ဟာကွာ၊ တစ်ရာထား မောင်လေးရာ။ တစ်ရာလောက်ဆို တော်ရောပေါ့ဟ"

"အစ်မသာ ဈေးဆစ်နေ၊ သူများ တွေဆို တစ်နေရာစာကို နှစ်ရာလည်း ပေးချင်ပေးတယ်။ တစ်ရာလည်း ပေးချင်ပေးတယ်"

"ဟဲ့, အဲဒါတွေ သူဌေးတွေ။ နင့်အစ်မက ကိုယ့်ဖာသာကိုယ် မောင်နှမနှစ်ယောက်တည်း ရှာစားနေရတာ။ ကဲရော့... တစ်ရာ။ လက်မှတ်လည်း ယူပေးဦးနော်"

ခင်မိုးစက် နေရာဦးပေးနေကျ ကောင်လေးသို့ နှစ်ရာတန်တစ်ရွက် လှမ်းပေးလိုက်သည် ။

"လက်မှတ်က တစ်ရာဗျ၊ ဒါဆို ကျွန်တော့်ဖို့ တစ်ရာပဲ ကျန်မှာ ပေါ့"

"ဟာကွာ၊ တော်တော်ဆယ်လီစိတ်တဲ့ ကောင်လေးပဲ။ သွား... သွား

သာဝယ်”

“သူကပဲ ပြောရတယ်ရှိသေး။ အစ်မရေ, ဒီပိုက်ဆံလေး ကျွန်တော်ယူပြေးရင် ဘယ့်နှယ့်နေမလဲ။ အစ်မ ထိုင်ငိုမှာ လား”

ကောင်လေးက ရယ်ကျဲကျဲနှင့် သူမကို စနေပြန်သည် ။ အစ်မချောချောလေးမို့ ခင်လေသလားမသိ။

“အင်း, ငိုမှာ ပေ့ါ၊ မင်း တို့ ကို မရက်စက်နိုင်မှန်း သိပါတယ်ကွာ။ သွား... လက်မှတ်သာ မြန်မြန်ပြေးယူပေး”

“ဒါတွေနဲ့ ပဲ ပစ်ကျနေရတာပဲ။ အစ်မ ယောကျ်ားမယူနဲ့ ဦး၊ သိလား။ ကျွန်တော့်ကိုစောင့်၊ နောက် သုံးလေးနှစ်လောက်ဆို ကျွန်တော် လူကြီးဖြစ်ပြီ။ အစ်မကိုလေ, အိမ်ဦးခန်းမှာ ကို တယုတယထားပြီး လုပ်ကျွေးမှာ ။ သိလား”

“ခွေးကောင်လေး၊ ကိုယ့်ဘွားအေလောက်ကို မပစ်မှား နဲ့ ။ မိုးကြိုးပစ်လိမ့်မယ်”

ကောင်လေး ပြေးဆင်းသွားမှ ခင်မိုးစက် နားငြီးသက်သာတော့သည် ။ မကြာမီ ကောင်လေးလည်း လက်မှတ်လာပေးလေသည် ။

ရထားကလည်း ဘာတွေစောင့်နေမှန်းမသိ။ နွေရာသီပေမို့ပူလောင်အိုက်စပ်နေရသည် ။ သူမ ဝတ်ထားတာ လက်မောင်းတစ်ဝက်လောက်မို့ နည်းနည်းတော့ တော်ပါသည် ။ ပြီးတော့ ဖျင်ကလည်း ပျော့ပျော့အေးအေးမို့ လူတွေကလည်း တော်တော်ကျပ်သည် ။

ရထားစောင့်ရင်း စာဖတ်လိုက်ဦးမည်ဟု စိတ်ကူးပြီး ခင်မိုးစက် ဝယ်လာသည့်စာအုပ်များ ထဲမှ ရုပ်ရှင်တေးကဗျာစာအုပ်လေးကို ဆွဲယူလိုက်သည် ။

အို . . . ဒီလထုတ် တေးကဗျာမှာ သူ့ကဗျာလေး။ ကဗျာအောက်ခြေမှ နေရိုင်းဟူသည့်စာသားလေးကို ကြည့်ပြီး သူမ တော်တော်ရင်ခုန်သွားစဉ်၊ သူ့ အနားသို့ အရိပ်တစ်ခု ရောက်လာ ၏။ ရထားထွက်တော့မည်မို့ လူတွေကလည်း ပိုမိုကျပ်လာသည် ။နေ့လယ် နှစ်နာရီပင် ခွဲတော့မည်။

"ဆောရီးဗျာ"

လူတွေက ကျပ်သည် မို့ သူ့ကိုယ်လုံးက ခင်မိုးစက်နှင့် ထိနေသည် ။ သူ့နှုတ်မှ တီးတိုးသံတစ်ခု ထွက်ကျလာသည် ။ သူ့အသံက ဆွဲဆောင်မှု တစ်မျိုးဖြင့် သြမြ ချိုရှနေသည် ဟု သူမ ခံစားလိုက်ရသည် ။

ဒုက္ခပါပဲ ခင်မိုးစက်ရယ် . . .

သူ့မှာ ရှိသမျှ ဆံပင်ကအစ၊ အသံအထိ ညည်းလျှောက် ရင်ခုန် နှစ်သက်နေတော့မည်လား။

နေရာမရသည့်လူများကလည်း ခင်မိုးစက်၏ စာအုပ်ခြင်း တင်ထားသည့်နေရာလေးကို မျက်စောင်းထိုးနေကြလေပြီ။

"လူရှိလား၊ ထိုင်မယ်နော်"

အဒေါ်ကြီးဝဝတစ်ဦးက ဖွတ်ဖယ်ပြီး ဖွတ်ထိုင်ဖို့ ကြိုးစားသဖြင့် ခင်မိုးစက် ချွေးပြန်ရသည် ။

"ရှိတယ် ရှိတယ် . . . လာမှာ "

"ခုထိမလာသေးဘူးလား၊ ရထားပဲ ထွက်နေပြီ"

မျက်စောင်းထိုးရင်း အဒေါ်ကြီး ဟိုဘက်လှည့်သွားခိုက် သူမ စွန့်စားစွာ သူ့အင်္ကျီစကို ဆွဲလိုက်ရသည် ။

"ဒီမှာ ဒီမှာ ကိုနေရိုင်း၊ ထိုင်ပါရှင့်"

သူက အံ့ဩစွာ ငုံ့ကြည့်နေဆဲ သူမက စာအုပ်ခြင်းလေးကို အောက်သို့ချပေးလိုက်သည် ။ သူက အားတုံ့အားနာဖြင့် ဝင်ထိုင်ပါလေသည် ။

"ဆောရီးဗျာ၊ လူကလည်း ဒီနေ့မှ ကျပ်လိုက်တာ"

နေရာပေးတာ ကျေးဇူးစကားမဆိုဘဲ ဆောရီးနေသည့် သူ့အတွင်းသဘောကို ခင်မိုးစက် နှစ်သက်ရပြန်သည် ။ လူကျပ်လှသဖြင့် ပေါင်ချင်းပခုံးချင်း ထိစပ်နေလို့ ဖြစ်ပါသည် ။ သူမ ဘာမှ ပြန်မပြောမိ။

မရဲဘဲ ကျွဲလှည်းစီးသည် ဆိုသောစကားကို ခင်မိုးစက် ကောင်းကောင်း သတိရမိသည် ။ သူမအဖြစ်ကရော ဘာထူးသေးလဲ။ နေရာပေးတုန်းက ပေးပြီး၊ ယခုကျတော့ သူမသည် နှင်းဆီ နီလေးတစ်ပွင့် ဖြစ်နေခဲ့သည် ။ ဖြူဝင်း နုဖတ်သည့် အသားက အနီရောင်ပြေးတော့မည်။

သည် စဉ် စောစောက နေရာမရလိုက်သည့် အဒေါ်ကြီးဝဝက သူမှန်းထားသည့်နေရာမှာ နေရှိုင်းထိုင်နေရတာ မြင်လိုက် ရသဖြင့် အာကျယ်လျှာကျယ်ပြောတော့သည် ။

"အလိုတော်,ခုခေတ်မိန်းကလေးတွေများ မိန်းမချင်းကျတော့ နေရာမပေးချင်ဘဲ ယောကျ်ားလေးမှ နေရာပေးသတဲ့ ။ ခေတ်ကြီးကိုက ကာလပြောင်းပြန်၊ မိန်းမနောက်ပိုးတွေ"

ခင်မိုးစက် ရှက်လွန်းသဖြင့် မျက်နှာကို ဘယ်ဝှက်ထားရမှန်းမသိတော့။ သူများ မိန်းကလေးတွေလိုလည်း ပြန်ရန်မလုပ်တတ်။ အဒေါ်ကြီးပြောတာရော လွန်လို့ လား။ သူမကရော ဟုတ်နေတာပဲ မဟုတ်လား။

ခင်မိုးစက်ဖြစ်နေပုံကိုကြည့်ပြီး သူက အရမ်းအားနာလာပုံရသည် ။

"ကျွန်တော် သူ့ကိုဖယ်ပေးလိုက်မယ်လေ"

"ဟင့်အင်း ,ရတယ် . . . ရှင်ပဲနေ"

သူလုပ်ပုံကြောင့် ခင်မိုးစက်မှာ မိန်းကလေးသိက္ခာတွေကျပြီးရင်းကျနေရတော့ပြီ။ ငြိမ်မနေဘဲနှင့် ထပေးမည်လုပ်နေသောကြောင့် ပြောလိုက်ရခြင်းဖြစ်သည် ။

အစက စာအုပ်လေးပြပြီး မိတ်ဆက်စကားဆိုချင်ဆိုမိမည်ဖြစ်သော်လည်း ယခုတော့ သူမ လိပ်ကလေးလိုသာ ခေါင်းကို ဝှက်ထားချင်လိုက်တော့ပြီ။

ငိုပစ်ချင်မိတာကလည်း ထိန်းမရသိမ်းမရ။ မဟုတ်ပါဘူး . . . ကလေးရှက်မှ ငိုတာပါ။ လူကြီးရှက်ရင် မငိုရဘူးမဟုတ်လား။ အသက်၁၉ နှစ်ဆိုတာ ကလေးလား လူကြီးလား။

မငိုဘဲ အောင့်ထားရသဖြင့် သူမနေရတာ တစ်ကိုယ်လုံး ငြီးငြီးလောင်လာသည် ။ ဟိမဝန္တာတောင်ထိပ်မှ စမ်းရေအိုင် ကြီးတွေသဖွယ်။ ကြီးမားရွဲစက်သည့်မျက်ဝန်းများက အရည်ပျော် ကျလုမတတ်။

မကြာမီ ချွေးတွေရော မျက်ရည်တွေရော သူမစီးကျလာခဲ့ပြီ။ သို့သော် မျက်နှာကို တခြားလှည့်ထားသဖြင့် သူတော့ မသိလောက်ဟု ခင်မိုးစက်ထင်သည် ။ ချွေးသုတ်သလို ဘာလိုနှင့် မိန်းမသုံး လက်ကိုင်ပဝါလေးနှင့် မျက်နှာကို တွင် တွင် ပွတ်မိသည် ။ သနပ်ခါးပျက်နေသော မျက်နှာဖြူဝင်းဝင်းက ရုပ်ပျက်တော့မလား၊ ပျက်နေပြီလား သူမ မသိတော့။ ကြာတော့ မိန်းမသုံး လက်ကိုင်ပဝါလေးတစ်ထည်လုံး ရွှဲနစ်လာခဲ့သည် ။

ခင်မိုးစက် စိတ်ကို ဖြေလျှော့ရပါ၏။ အငိုတိတ်သွား အောင်ဖြစ်သည် ။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ ခြင်း။

ချစ်ခြင်း၊ မုန်းခြင်း။

လာဘ်ပေါခြင်း၊ လာဘ်မရခြင်း။

ချစ်သူနှင့်ကွဲခြင်း၊ ရန်သူနှင့်အတူနေရခြင်း။

စတဲ့ လောကဓံတရားတွေထဲမှာ ကဲ့ရဲ့ ခြင်းကလည်း တစ်ခုအပါအဝင်မဟုတ်လား။

ငါကလည်း ငါပဲ၊ ကိုနေရှိင်းကို နေရာပေးမိတာကိုး။ မှန်တာပြောတာ ပြောပါစေ။

စိတ်ကိုဖြေလျှော့လိုက်သဖြင့် ခင်မိုးစက်၏ ကိုယ်လုံးလေး တည်ငြိမ်သွားပြီး မျက်ရည်မြစ်လည်း ခန်းသွားခဲ့သည် ။ သူက ဘယ်လိုပဲ ကိုယ်လုံးကြီး ကျုံ့ထားထား၊ အခြေအနေတွေ ကမရ။ ပြီးတော့ ဒီခေတ်ကြီးထဲမှာ ရထားပဲစီးစီး၊ ကားပဲစီးစီး မထိဘဲနေလို့ မရတာ သူသိပါလိမ့်မည်။

“အဲတော်”

မကြာခင် သူက သူ့ယောကျ်ားလက်ကိုင်ပဝါလေးကို သူမပေါင်ပေါ်သို့ ထိုးတင်ပေးလိုက်ပြီး ခင်မိုးစက်၏ ရပ်ရှင်တေးကဗျာစာအုပ်လေးကိုလည်း ဆွဲယူလိုက်သည် ။

“စာအုပ် ခဏကြည့်မယ်နော်”

သူမ ဘာပြောရမည်လဲ။ ဘာမှ မပြောလည်း သူက စာအုပ်ကို ဆွဲယူသွားခဲ့သည် ။ သူက ခင်မိုးစက်ကိုမကြည့်ဘဲ

“မျက်နှာကိုသုတ်လိုက်ဦးလေ”

ဟု ပြောတော့ သူမရှက်ရပြန်သည် ။ သူသိနေတာပါပဲလား။ မည်သို့ပင်ဖြစ်စေ၊ ခင်မိုးစက် သူ့လက်ကိုင်ပဝါမွေးမွေးလေးသန့်သန့်လေးဖြင့် မျက်နှာသုတ်လိုက်ရသည် ။

အခြေအနေတွေက ပုံမှန်ပြန်ဖြစ်သွားသည် ။ သူမ ဣန္ဒြေဆည်နိုင်ခဲ့ပေပြီ။

"ကျွန်တော့်ကို နေရိုင်းမှန်း သိတယ်နော်"

"ဟုတ်ကဲ့"

တကယ်က စောစောက စားသောက်ဆိုင်မှာ ဟင်္သာတသူလေးတွေပြောမှ သိရခြင်းသာဖြစ်သည် ။ သို့သော် သူမစကား မရှည်မိ။ သူတော့ ဘဝင်မြင့်သွားနိုင်သည် ။ မြင့်ပါစေ။

စကားဝိုင်းက တိတ်ဆိတ် ငြိမ်သက်သွားပြန်ပါသည် ။ ရထားခုတ်မောင်းသံကြီးကသာ ဂျုံးဂျုံးဂျက်ဂျက်ထွက်ပေါ်နေ၏။

"ဘယ်မှာ နေလဲ"

"ရှင်"

ကိုယ်က မိတ်မဆက်ရဘဲ သူက မိတ်ဆက်တော့မှာ လား။ အဲဒါပဲ ကောင်းပါတယ်လေ။သဘာဝကျပါတယ်လေ။

"နာမည်ဘယ်လိုခေါ်သလဲ။ လိပ်စာကတ်တစ်ခုလောက် ပေးမလား"

သူက သူ့လိပ်စာကတ်ပြားလေးကိုပေးပြီး ခင်မိုးစက်ထံမှ လိပ်စာကတ် တောင်းနေပြန်သည် ။ သူမ ရယ်ချင်သွားသည် ကို နှုတ်ခမ်းကိုက်ထိန်းလိုက်ရသဖြင့် ပါးချိုင့်လေးများ ခွက်သွားကြပေမည်။

သူက ငေးကြည့်နေသည် မှာ ကဗျာတစ်ပုဒ်လို့ ယူဆလို့ လားမသိ။

ရထားပြတင်းမှ ဝေ့ဝဲ ရှုပ်ယှက်ခတ်နေသည့် ဆံနွယ်များကို သူမလက်ဖြူဖြူသွယ်သွယ်လေးများ ဖြင့် အရင်ဖယ်ရသည် ။ သူမ၏ ဆံနွယ်များ နှင့် သူ့ဆံပင်များက ငြိတော့ မည်။

"ကျွန်မတို့ တောမှာ တော့ သူဌေးတွေတောင် လိပ်စာကတ် လုပ်မထားဘူးရှင့်"

သည် တော့မှ သူက ဟတ်ခနဲ ရှက်ရယ်ရယ်ခဲ့သည် ။

အို!သူရယ်တော့မှ ကမ္ဘာကြီးက ပိုပြီး ဝင်းလက်လှပသွားတော့တာဖြစ်သည် ။

သူကလည်း ရှက်တတ်ပုံတော့ ရပါသည် ။ ဘာမှ မပြောကြဘဲ ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြသည် မှာ ရထားကြီး သယ်ယူသွားရာသို့ဖြစ်သည် ။မကြာမီ ပြဿနာလုပ်သည့် အဒေါ်ကြီး ဝဝလည်း ဘုရားကုန်းဘူတာမှာ ဆင်းသွားခဲ့သဖြင့် ခင်မိုးစက် အသက်ရှူချောင်သွားသည် ။

"ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့ နော်။ နာမည်မပြောချင်၊ လိပ်စာမပြောချင်လည်း နေပါ။ နေရာပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်ရှင်"

သူမ ဘာဖြစ်သွားရတာတဲ့ လဲ။အစက ကိုယ်ကတောင် မိတ်ဆက်ချင်နေရာမှ ယခုတော့ ပြောင်းပြန်ဖြစ်သွားရပြန်သည် ။ ရထားကြီးဆက်ထွက်ရာသို့ လိုက်ပါကြလာစဉ် သူက အထူးငြိမ်သက်လှသည် ။ သူ စိတ်မကောင်းဖြစ်သွားခဲ့ပြီလား။ သို့သော် မိန်းမနောက်ပိုးရယ်လို့ တောင် အထင်ခံရအောင် သူ့အပေါ် စေတနာတွေ ရေစီးကမ်းပြို လိုက်ခဲ့မိသည် မို့ ခင်မိုးစက် ပြန်လည်အဖတ်ဆယ်ချင်ပါသေးသည် ။ သူ့ကိုဘာမှ ပြောပြမနေချင်တော့။

သည် တွင် ရထားကြီးက ထိုးရပ်သွားခဲ့လေသည် ။ ဂန္ဒီဘူတာသို့ ရောက်လုရောက်ခင် လမ်းခုလတ်ကြီးမှာ ဖြစ်သည် ။

"ရထားပျက်ပြီဟေ့၊ ရထားပျက်ပြီ"

"တောက်!တို့လိုင်းက ရထားတွေကလည်း ဘိုးဘွားရိပ်သာပို့ဖို့ ပဲ ကောင်းတော့တယ်။ မနေ့ကလည်း ပျက်၊ဒီနေ့ လည်း ပျက်၊ နေ့စဉ်ပျက် နိုင်လွန်းလို့ ဆုတောင်း ပေးချင် လာပြီ"

"ဈေးသည် တွေလည်း လာရောင်းပေါ့မလား။ ပျက်လည်း ဘူတာရော က်မှ ပျက်တာ မဟုတ်ဘူး "

"မုန့်သည် တွေကလည်း အချဉ်ဖမ်းဦးမယ်။ တစ်ဆယ်တန်ရင် နှစ် ဆယ်လုပ်ရောင်းဦးမယ်"

တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေကြဆဲ၊ သူမနှင့် သူကတော့ ဘာစကားမှ မဆိုမိ။ တုံဏှိဘာဝေ နေ,နေမိကြသည် ။

"တို့ တော့ အခြေအနေကြည့်ဦးမယ်ဟေ့။ စက်ခေါင်း သွားပြီး စနည်းနာလိုက်ဦးမယ်။ အခြေအနေမကောင်းလည်း ကားလမ်းထွက်ပြီး ကားနဲ့ လိုက်သင့် လိုက်ရမယ်"

"ကားတွေကဖြင့် ပြန်ကုန်ကြပြီ၊ ဝတစ်လုံး ဝင်းစတား က၁၁နာရီမ ထိုးခင်ကတည်းက ဟသ်ာတက ထွက်သွားတာ။ ခုလောက်ဆို အိမ်ရော က်လို့ အိပ်တောင်နေကြရော့မယ်"

"ဒါတော့ သိသားပဲဟ၊ ကွင်းကောက်ကားလေး စပါးတင်ကားလေး ဘာလေး ရှိလိုရှိငြားပေါ့"

"ကျွန်မတို့ တော့ မြို့ကွင်းတင်ရယ်။ ရထားအခြေအနေ မကောင်းရ င် ခြေလျင်ပဲ ဆက်သွားတော့မယ်"

တွဲပေါ်မှ လူတွေအားလုံး ဆင်းချည်တက်ချည်ဖြင့် ပျားပန်းခပ်နေကြသော်လည်း နေရိုင်းနှင့်ခင်မိုးစက်မှာ ဖြင့် မလှုပ်။ အဲဒါကိုက မရိုးသားခြင်းသဘောတွေလား။ ခင်မိုးစက် စိတ်လှုပ်ရှားနေမိစဉ် သူက စတင်လှုပ်ရှားသည် ။

"ခဏလေးဗျာ၊ ကျွန်တော့်အိတ်ကလေး ယူထားပေးပါ။ ကျွန်တော်အောက်ဆင်းကြည့်ချင်လို့ ပါ"

"ဟုတ်ကဲ့ရှင်"

သူက သူ့ခရီးဆောင်အိတ်လေးကို ခင်မိုးစက်ထံ အပ်နှံခဲ့ပြီး ရထားပြတင်းမှ ခုန်ချသွားခဲ့သည် မှာ လူငယ်လေးတစ်ယောက်ပီပီဖြစ်သည် ။ ကုပ်ပေါ်မှာ တစ်ထွာလောက် ရှည်ထွက်နေသည့် ဆံပင်များက ခပ်ရိုင်းရိုင်းပဲ ဖွာဆံကြဲသွားသည် မှာ ပြိုင်မြင်းလေးတစ်ကောင်နှယ်။ သို့သော် သူ့ဆံပင်တွေက လှပါသည် ။ ဆံပင်နုနုလေးများက သန့်စွမ်းပြီး အညိုရင့်ရောင်တောက်လုလု။

"ရထားကတော့ ခုပဲပြင်ပြီးမယ်ပြောတာပဲ။ ဟသ်ာတ ကနေ စက်ခေါင်းအပိုလာမယ်တဲ့ "

"ဒုက္ခပါပဲ၊ ဒီပုံဆို ကြံခင်းကို ဘယ်အချိန်မှ ရောက်ပါ့မလဲ"

"ညည်းကြံခင်း ထားပါဦး။ တို့ အင်္ဂပူသမားတောင် မိုးမချုပ်ရင် ကံကောင်း"

သူမဘေးမှ အဒေါ်ကြီးများက စိုးရိမ်ပူပန်စွာဖြင့် ဟောင်ဖွာဟောင်ဖွာ ပြောနေကြပြန်သည် ။ သူကတော့ ရောက်မလာသေး။ ရထားထွက်သွားရင် ကျန်ရစ်တော့မှာ ပဲ။ အိုလေ,သူက ကလေးမှမဟုတ်တာ၊ သိမှာ ပေါ့။ ရထားကလည်း ထွက်ခါနီးကျရင် အသံပေးမှာ

ပါ”

ရထားပြတင်းမှ မျှော်ကြည့်တော့ နေရိုင်းကို အစအနတောင်မမြင်ရ ။ပုံကြည့်ရတာ ဂန္ဒီဘူတာထိအောင် လျှောက်သွား ပြီးတစ်ခုခုဝယ်စား နေတာဖြစ်ရမည်။

ဤသို့ဖြင့် ရထားက တစ်စတစ်စနှင့်အချိန်လင့်လာခဲ့၏။ ဘာပဲပြောပြော လမ်းခွဲမှာ ပျက်နေသည့်မို့ တော်သေးသည် ။ တော်ကြာ ဆို ကြံခင်းဘက်မှ အမြန်ရထား တက်လာပေဦးမည်။ သူမ နာရီကိုငုံ့ကြည့်လိုက်တော့ ညနေလေးနာရီခွဲ။

ဘယ်လိုလဲ၊ သူမ ဘာဆက်လုပ်ရမှာ လဲ။ သူမပြန်မှာ က ချောက်ရွာ တင်မို့ ခြေလျင်သွားရလျှင် ဘယ်လိုနေမည်လဲ။သည် စဉ် သူမတို့ ချောက်ရွာဘက်မှ ကောင်လေးနှစ်ယောက်ခင်မိုးစက်ကို မြင်တွေ့သွားကြသည် ။

“ခင်မိုးစက်ရေ, ရထားအခြေအနေမကောင်းဘူး။ငါတို့ တော့ခြေလျင်ပဲပြန်တော့မယ်။ ရထားစောင့်နေရရင် ဒီနေရာမှာ ပဲ ညအိပ်ရလိမ့်မယ်ဟေ့”

“လိုက်ခဲ့ပါလား ခင်မိုးစက်၊ ဂန္ဒီနဲ့ မြို့ကွင်းက လွန်ရှိလေးငါးမိုင်ပေ့ါ။ ဟိုဘက်က သုံးမိုင်။ ခုနစ်မိုင်၊ ရှစ်မိုင်လောက်တော့ ခြေလျင်လျှောက်နိုင်ပါတယ်။ ဒါမှ မဟုတ် မြို့ကွင်းရောက်ရင် ဟိုဘက်မှာ ဆိုက်ကားတွေ ပေါပါတယ်ဟာ”

သူမ လိုက်သွားရလျှင် ကောင်းမလား။ သူမတို့လိုပဲ ခရီးနီးသူများက ရထားကိုအားမကိုးတော့ဘဲ ခြေလျင်လျှောက်ပြန်ကုန်ကြပေပြီ။ ခင်မိုးစက်မှာ ရထားပြတင်းမှ ဟိုကြည့်ဒီကြည့် ကြည့်ရပြန်လေသည် ။သူပြန်မလာသေး။ ကိုနေရိုင်း ပြန်မလာသေး။ သူ့ခရီးဆောင်အိတ်ကို အနားက

အဒေါ်ကြီးများ ထံမှာ အပ်ခဲ့လျှင် ကောင်းမည်လား။

သို့သော် ခင်မိုးစက် ဘာတွေနောက်ဆံတင်းမိမှန်းမသိ။သူ စိတ်ကောင်းပဲ့မလား။ နာမည်လေးတောင် မပြောဘဲ ထွက်ပြေးသွားသည့်မိန်းကလေးကို သူသတိရနေရှာမလား။ သူ့ရင်မှာ ဒဏ်ရာအနည်းငယ်မျှသော်မှ မစွန်းထင်းစေချင်တာ ဘာကြောင့်လဲ။ သူ့ကို နှုတ်တော့ ဆက်ချင်ခဲ့ပါသည် ။ နှုတ်မဆက်ဘဲ ခွဲခွာမသွားချင်ခဲ့တာ ဘာကြောင့်မှန်းမသိ။

“ငါတော့ ရထားပဲ ဆက်စောင့်လိုက်ဦးမယ်ဟာ။ ငါ ခြေထောက်နာနေလို့ လမ်းလျှောက်နိုင်မယ်မထင်ဘူး”

ပရိယာယ်ဖြင့် ခင်မိုးစက် ငြင်းရသည် ။ ကောင်လေး နှစ်ယောက် ထွက်ခွာသွားကြပေမယ့် ခင်မိုးစက်သို့ နောက်ဆံတငင်ငင်။

“နင့်မောင်လေးကို နင်ရထားပျက်နေတာ ပြောလိုက်ပါ့မယ်။ နင် ရထားပေါ် ညအိပ်ရမှာ ပဲ။ ထမင်းလည်း ငတ်မှာ ပဲ”

ထမင်းဆိုလို့ သူမ နေ့လယ်က ထုပ်ယူခဲ့သည့်ထမင်းကြော်ထုပ်လေးကို ဖွင့်ဖြေကြည့်လိုက်သည် ။

အို!သိုးကုန်ပြီ၊စားလက်စထမင်းကို ထုပ်လာခြင်းအပြင် နွေကလည်း နွေရာသီမို့ ချွေးတွေနှင့်လှောင်အိုက်ပြီး ထမင်းကြော်က သိုးသွားပါချေပြီ။ သူမ နှမြောသော်လည်း လွှင့်ပစ်ရတော့သည် ။

သူက ပြန်မလာသေး။ ရထားပေါ်မှာ လည်း လူတွေက ခပ်ကျဲကျဲ။ အောက်မှာ ဆင်းနေကြသူ၊ ဂန္ဒီသွား မုန့်ဝယ်စားကြသူများ ဖြင့် စည်ကားနေလေသည် ။ သူမ ရုပ်ရှင်တေးကဗျာစာအုပ်လေးကို စိတ်ဝင်စားစွာ ဖတ်ကြည့်နေမိပါ၏။ သူ့ကဗျာလေးကို ဖတ်ကြည့်နေမိပါ၏။

“ရော့”

သူမ၏ မျက်စိရှေ့သို့ ကြွပ်ကြွပ်အိတ်ပါဆယ်လေးတစ်ထုပ် ဝင်လာသဖြင့် သူမလန့်ပြီး မော့ကြည့်မိတော့ ၊သူ့,ကိုနေရိုင်း။

"ဟင့်အင်း,ကျွန်မ"

"စားစမ်းပါ၊မနက်က စားခဲ့ရင်တောင် အခု ညနေရောက်နေပြီ။ ခင်ဗျား ဆာနေမှာ ပေ့ါ"

သူ့ပုံစံက လောကွတ်လုပ်နေဟန်မတူ။ တကယ့်ကို မစားမချင်း ကျွေးနေတော့မည်မို့ ခင်မိုးစက် ယူလိုက်ရလေ၏။ ပဲပလာတာသုံးချပ်က ပူပူနွေးနွေးပင် ရှိသေးသည် ။

သူမ ဟသ်ာတမှ နေရာပေးလိုက်သောကောင်လေးကို သွားသတိရလိုက်၏။ ၅ဝကျပ်နှင့် ဝယ်လာသောနေရာသည် ယခုတော့ အများကြီးမြတ်နေပေပြီ။

"အဟင်း"

မုန့်ထုပ်လေးကို ဖြေကြည့်ပြီး သူမက ကိုယ့်အတွေးနှင့်ကိုယ် ရယ်မိလိုက်တော့ နေရိုင်း ရှက်သွားပုံရသည် ။

"ဘာရယ်တာလဲဗျာ၊ကျွန်တော်က ကိုယ်ဆာသလို ခင်ဗျားလည်း ဆာမှာ ပဲဆိုပြီး စေတနာသန့်သန့်နဲ့ ဝယ်လာခဲ့မိတာ"

"အာ . . ."

"မဟုတ်ပါဘူးရှင်၊ကျွန်မက ရှင်ထိုင်တဲ့ နေရာလေးကို ငါးဆယ်ကျပ်နဲ့ ဝယ်ခဲ့တာ။ အခုတော့ ပဲပလာတာသုံးချပ်ကြီးများ တောင်ဆိုတော့ အများကြီးမြတ်နေပြီဆိုပြီး ရယ်လိုက်မိတာပါ"

"မသိပါဘူးဗျာ၊ တချို့လှတဲ့ ကောင်မလေးတွေက ဘဝင်လေဟပ်တ

တ်တော့ ကျွန်တော်လည်း မလုံဘူးပေ့ါ”

သူမကို လှတယ်ဟု နေရိုင်းပြောတာ နှစ်ခါရှိပြီမို့ သူမ ရှက်လာရပြန်သည် ။ သူ့ကိုဘာစကားမျှမဆိုတော့ဘဲ မုန့်ကိုသာ စားလိုက်မိသည် ။ မုန့်လောက်တော့ စားလို့ ရအောင် စားရပေမည် နို့မို့မလွယ်။ အာဟာရပြတ်ပြီး သေသွားလိမ့်မည်။ မုန့်နှစ်ချပ် ကုန်သွားတော့မှ သူရော စားပြီးရဲ့လား သတိရသည် ။

“အို . . . ရှင်ရော စားပြီးရဲ့ လားဟင်”

“ဝမှ သတိရတယ်ပေ့ါ”

သူက အပြုံးယဲ့ယဲ့လေးဖြင့်ဆိုတော့ ခင်မိုးစက် အရှက် လွန်သွားပြန်သည် ။

“စတာပါဗျာ၊ ငိုတော့မငိုလိုက်ပါနဲ့ ။ ကျွန်တော် မချော့တတ်ဘူး။ ကလေးမဟုတ်တာ မလုပ်နဲ့ ”

အို! သူက ပါးစပ်ရဲလိုက်တာနော်။ ခုခေတ် ယောကျ်ားလေးတွေဟာ ဒီလိုပဲလား။ အိုလေ,သူမကလည်း ခုခေတ်ကောင်မလေးပါပဲ။ သို့သော် ခင်မိုးစက် ကြီးပြင်းရသည် က ရှေးဆန်သော အဘွားနှင့်မေမေ့လက်ပေါ်မှာ ဖြစ်သည် ။

ကယောင်ကတမ်းဖြင့် သူမ စာအုပ်ဆွဲခြင်းကို ဆွဲယူ၊ကျောပိုးအိတ်လေးလွယ်ပြီး ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည် ။

“ဟင်!ခင်ဗျား ဘယ်သွားမလို့ လဲ၊ ဘာဖြစ်လို့ လဲ”

သူက ခင်မိုးစက်၏ စာအုပ်ဆွဲခြင်းကို ဆွဲယူထားသည် မှာ ပိုင်စိုးပိုင်နင်းနိုင်လှသည် ။

"ကျွန်မက မြို့ကွင်းသွားမှာ ၊ ခြေလျင်ပဲ လျှောက်သွားတော့မယ်"

ဆိုပြန်သော်လည်း သူ့လက်ကမလွှတ်၊ သူက သူ့ခရီးဆောင်အိတ်ကို လွယ်ပြီး ခင်မိုးစက်၏ စာအုပ်ခြင်းကို သယ်သည် ။

"အတူတူသွားကြမယ်၊ ကျွန်တော်က ကွင်းကောက်က သူငယ်ချင်း ဆီသွားမှာ "

သူ နောက်နေသလားဟု ခင်မိုးစက် မော့ကြည့်ဆဲ။ သူကပင် အရင် ရထားပေါ်မှ ဆင်းလေ၏။

"ဟို . . . ကျွန်မက ချောက်ရွာအထိ သွားရမှာ ရှင့်"

"ဖြစ်ပါတယ်၊ ချောက်ရွာပြီးမှ ကွင်းကောက် ရောက်တာပဲ။ စိတ်ချပါ ဗျာ . . . ခင်ဗျားအိမ် လိုက်မတည်းပါဘူး"

ခင်မိုးစက် ဘာမှ မပြောနိုင်တော့။ သူ့နောက်မှာ သာ စိုက်စိုက် စိုက် စိုက်နှင့် လျှောက်ရတော့သည် ။

"ကျွန်မစာအုပ်ထုပ် ပေးပါ။ ရှင်လေးနေမှာ ပေါ့"

"ရပါတယ်၊ကျွန်တော်က ခင်ဗျား ကျောပိုးအိတ်တောင် ကူသယ်ပေး ချင်တာပါ"

"အယ် . . ."

ဒီလိုလူကြီးနှင့် မြို့ကွင်းအထိ ၊ချောက်ရွာအထိ သွားလို့ ဖြစ်ပါ့မလား ။ တဆိတ် ပိုသွားပြီထင်ပါသည် ။ လမ်းမှာ ရည်းစားစကားပြောသွားလျှ င်ဖြင့် ဒုက္ခ။

သူမ ကဗျာဆရာကတော်ဖြစ်ရဲ့ လား။ ကဗျာဆရာရဲ့ ရည်းစား ဖြ စ်ရဲလို့ လား။ အတွေးက တစ်ဆုံးရောက်သွားဆဲ။

"ဘာလဲ ,ကျွန်တော့်ကို စိတ်ထဲက ပစ်မှားနေတာလား။ စိတ်ချ,ကျွန်တော့်မှာ ရည်းစားရှိနေပြီးသားပါ။ ခင်ဗျားကို ညီမလေးတစ်ယောက်လိုသဘောထားပြီး နောက်နေတာပါ"

ပြောပြီး သူက ခပ်မတ်မတ်လျှောက်သွားလေသည် ။လေကလည်း တိုက်နေသဖြင့် သူ့ဆံနွယ်များက ခပ်ရိုင်းရိုင်း ဖွာကျနေပြီး သူလမ်းလျှောက်ပုံက စမတ်ကျလှသည် ။ စတိုင် ဘောင်းဘီအညိုရင့်နှင့် ရှပ်အင်္ကျီကွက်ကြီးကြီးလက်ရှည်က မြင့်မားသောသူ့အရပ်နှင့် လိုက်ဖက်လှပေသည် ။ သူဟာ ကြည့်ကောင်းသော လူချောတစ်ဦး။

မျက်နှာက မိန်းကလေးတစ်ဦးနှယ် နုလှမနေသော်လည်း ယောကျာ်းပီသလှသူ။ ရိတ်သင်ထားသော အမွှေးအမှ င်များကြောင့် မျက်နှာလေး စိမ်းဖန့်နေပုံက မြစိမ်းရောင် မင်းသားပေ့ါ။

သူ့မှာ ရည်းစားရှိသတဲ့ ။ ဟုတ်မှာ ပါပဲ။ ဒီအရွယ် ဒီရုပ်ဟာ ရည်းစားအယောက်တစ်ရာလောက်တောင် ရနှင့်ပြီးရုပ်ပါ။ သူမ ဝမ်းနည်းသွားမိပြန်သည် ။

လမ်းတစ်လျှောက် လူသွားလူလာက ပြောက်တိပြောက်ကျား။ စောစောကတည်းက သွားနှင့်ကြပြီမို့ ယခုတော့ သူမနှင့် သူ နှစ်ယောက်တည်းသာ။ ခင်မိုးစက် နာရီလေး ကြည့်မိပြန်၏။ ငါးနာရီ။ဒါဆို မြို့ကွင်းကို ခြောက်နာရီကျော်မှ ရောက်မှာ ပေ့ါ။ နေ့ရာသီမို့ခြောက်နာရီသည် အစောကြီးရှိပေဦးမည်။

ယခုတော့လည်း သူက စကားမပြောဘာမပြောနှင့် ရှေ့က ခပ်သွက်သွက်လျှောက်နေပြန်သည် ။ ခင်မိုးစက်ကလည်း မီအောင်လိုက်နိုင်ပါ၏ ။ ကိုယ်က တောသူပဲနော်။ မွေးကတည်းက မြေကြီးပေါ်မှာ မွေးခဲ့သူ။

သို့သော် တောသူလည်း သွေးနဲ့ သားနဲ့ ကိုယ်မှာ သူက ပြိုင်မြင်းတစ်

ကောင်လို ရှေ့က နင်းကန်သွားနေတော့ ခင်မိုးစက် မတတ်နိုင်တော့။ သူ့ကိုလည်း အဖော်မစပ်ဘဲ ကိုယ့်ဘာသာ ရထားလမ်းလေး သစ်ပင်ရိပ်တ စ ် ခ ု မ ျ ာ ခြေပစ်လက်ပစ်ထိုင်ချပစ်လိုက်၏။ ကဲ,အရင်လိုတဲ့ လူကြီးမင်းရေ၊ကိုယ့်ဘာသာ သွားပေတော့။

တော်တော်ကြာသည် အထိ သူ သတိထားမိသေးပုံမရ။ နောက်တော်တော်ဝေးဝေးရောက်မှ သူ ခင်မိုးစက်ကို လှည့်ကြည့်သည် ။ တစ်ယောက်နှင့်တစ်ယောက်က ကိုက်နှစ်ရာမက ဝေးခဲ့ပြီ။ သူက လယ်ကွင်းထဲမှ နွားကျောင်းသားတစ်ဦးနှယ် သူမကို လှမ်းအော်သည် ။

“ဟော့ကောင်မလေး, တော်ကြာမိုးချုပ်သွားလိမ့်မယ်။ ဒီလောက်နားရရင် တော်ရောပေါ့။ လာလေ”

လူကိုများကောင်မလေးတဲ့ ။ ဟွန်း . . . မုန်းစရာ။ အင်း လေ,သူက အနည်းဆုံး အစိတ်ကျော်ရောပေါ့။ ခေါ်ပါစေလေ။ ခင်မိုးစက် ပေကတ်မနေမိတော့။ မေမေပြောဖူးတာလေး သတိရသွားလို့ ဖြစ်သည် ။

“ကိုယ့်ယောကျ်ား ကိုယ့်ရည်းစားကျမှ စိတ်ကောက်။သူများကို ဘယ်တော့မှ စိတ်မကောက်နဲ့ ”

ယခုလည်း သူနှင့်သူမက ဘာမှ တော်သည် မဟုတ်။ ခြေညောင်းလို့ နားပြီးလျှင် ဆက်လျှောက်ရုံပေါ့နော်။ အခုတော့လည်း သူက ခင်မိုးစက်ကို စောင့်ခေါ်ဖော်ရလေသည် ။

“စကားတပြောပြောနဲ့ လျှောက်မှ အပျင်းပြေမှာ ပေါ့ကွ။ တစ်ယောက်အကြောင်း တစ်ယောက်ပြောကြရအောင်နော်။ ဒီလိုလေမင်းပြောချင်သလောက်ပဲပြောပြ။ သြော်ဒါထက် မင်းက တို့ ထက် အများကြီးငယ်မယ်ထင်လို့ ကိုယ့်ညီမလေးလို သဘောထားပြီး ရင်းရင်းနှီးနှီးပြောမိတာရော ကြိုက်ရဲ့ လား။ တို့ က အသက်နှစ်ဆယ့်ငါး။ မင်းက လွန်ရှိဆယ်ရှ

စ်ပေ့ါ”

“ဆယ့်ကိုး”

“အသက်ကြီးချင်တာနဲ့ ပိုပြောမနေနဲ့ နော်။ ဘယ်လိုပဲ ဖြစ်ဖြစ် တို့ အသက် ခုနစ်နှစ်လောက်ကျမှ မင်းကိုမွေးမှာ ပါ”

ခင်မိုးစက် ခွန်းတုံ့ပြန်မနေတော့။ သူ့သဘောနှင့်သူ သူစိတ်ချမ်းသာလျှင် ပြီးရောပေ့ါ။

“ဒါထက် တို့ နဲ့ နှစ်ယောက်တည်း ခရီးသွားနေရတာ မကြောက်ဘူး လား”

“မကြောက်ပါဘူး၊ ကိုနေရိုင်းက ကဗျာဆရာကြီးပဲ”

“ဟ!ကဗျာဆရာလည်း လူပဲ။ လူဆိုတာ အမှားမကင် တတ်ဘူးလေ”

“ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူများ ထက်တော့ ကိုယ့်ကျင့်တရားကောင်း ရမယ်၊ မကောင်းလည်း ကောင်းအောင်ထိန်းပေ့ါ”

ခင်မိုးစက်၏ ဘုဆတ်ဆတ်အပြောလေးကို နေရိုင်း အရမ်းသဘောကျသွားသဖြင့် ခေါင်းကိုမော့ပြီး အားပါးတရ ရယ်မောမိသည် ။

“ဘာရယ်တာလဲ၊ စာပေအနုပညာသမားဆိုတာ လူပြိန်းတွေထက် စိတ်ထားဖြူရမယ်။ နှလုံးသားဖြူရမယ်။ ရိုးသားရမယ်။ ကလိမ်ကကျစ်မလုပ်ရဘူး”

“ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါ။ ခင်ဗျားလေး ချမှတ်ထားတဲ့ ပညတ်ချက်တွေအားလုံးကို လိုက်နာပ့ါမယ်။ အဲ ..လိုက်နာနိုင်အောင် ကြိုးစားပ့ါမယ်”

သူမစိတ်ထဲမှာ နေရိုင်းနှင့် ပိုမိုနီးကပ်သွားသလို ခံစားလိုက်ရသည် ။

ဆရာကြီးရွှေဥဒေါင်းလေနဲ့ ပြောရလျှင် ရင်ဘတ်မိတ်ဆွေ တွေ ဖြစ်သွားကြပြီပေါ့။

"ဒေါ့ထက် စကားမစပ် ကျွန်တော်ဓာတ်ပုံတွေ မဂ္ဂဇင်း ထဲမှာ မပါဖူးပါဘူး။ ကျွန်တော့်ကို ဘယ်လိုလုပ်သိသလဲ"

ဒါက ပုထုဇဉ်ပီပီ သူ့ကိုယ်သူ အထင်ကြီးပြီး မေးလိုက်တာဖြစ်မည်။ ဒါမှ မဟုတ် တောသူမလေးတစ်ယောက်က သူ့ကို သိနေတာ အံ့ဩလို့လည်း ဖြစ်မည်။

"အထင်မကြီးပါနဲ့ နော်၊ဘဝင်တွေ စွတ်မြင့်မနေနဲ့ ဦး။နေ့လယ်ကမှ စားသောက်ဆိုင်ထဲမှာ ကိုနေရိုင်း လက်ဖက်ရည် သောက်နေတုန်း ကောင်မလေးတွေ ပြောနေလို့ ။ သိလား"

ခင်မိုးစက်၏ ပွင့်ပွင့်လင်းလင်းဖြောင့်ချက်ကြောင့် ဒီတစ်ခါလည်း နေရိုင်းအော်ဟစ်ရယ်မိရပြန်သည် ။ သည် ကောင်မလေးနှင့်စကားပြောရတာ ပွင့်လင်းသည် ။ ရိုးသားသည် ။ တစ်ခါတစ်ခါ ဂျစ်ကန်ကန်နိုင်ပုံလေးကလည်း ချစ်စရာ။ နာမည်တောင်မသိရသေးပေမယ့် ကောင်မလေးသည် သူ့ရင်ကို ပိုးစိမ်းကောင်လေးလို တိုးဝှေ့ဝင်ရောက်ခဲ့လေပြီ။

*